ミャンマー語：ゆうちょ銀行とお取引をされる外国人のお客さまへ

# ယူးချောဘဏ်ကို အသုံးပြုကြသောနိုင်ငံခြားသားဧည့်သည်များသို့

■ ဘဏ်အကောင့်ဖွင့်ချိန်၊ လိပ်စာနှင့်အမည်ပြောင်းလဲခြင်း၊ တံဆိပ်တုံးပြောင်းလဲချိန်များတွင် နေထိုင်ခွင့်ကတ်ပြားကို တင်ပြရန် မေတ္တာရပ်ခံပါသည်။

နိုင်ငံသား၊ နေထိုင်ခွင့်အရည်အချင်း၊ နေထိုင်ခွင့်ကာလ စသည်တို့ကို စစ်ဆေးအတည်ပြုရန်အတွက် နေထိုင်ခွင့်ကတ်ပြားတင်ပြရန် မေတ္တာရပ်ခံပါသည်။

* နေထိုင်ခွင့်ကတ်ပြားကို သက်တမ်းတိုးခဲ့လျှင် စာရွက်စာတမ်းလုပ်ဆောင်ချိန်တွင် ထုတ်ဖော်ပြောဆိုပါ။

* သံတမန်စသည်တို့ကဲ့သို့သော နေထိုင်ခွင့်ကတ်ပြား ထုတ်ပေးထားခြင်းမရှိသည့်ပုဂ္ဂိုလ်များသည် တင်ပြရန် မလိုပါ။

■ နေထိုင်ခွင့်ကာလပြည့်မည့်ရက်သည် ဘဏ်အကောင့်ဖွင့်ရန်လျှောက်ထားမည့်ရက်မှ ၃လအတွင်းရောက်ရှိမည်ဖြစ်လျှင် နေထိုင်ခွင့်ကာလသက်တမ်းတိုးရန် စာရွက်စာတမ်းလုပ်ဆောင်ပြီးမှသာ လျှောက်ထားပါ။

နေထိုင်ခွင့်ကာလပြည့်မည့်ရက်သည် ဘဏ်အကောင့်ဖွင့်ရန်လျှောက်ထားမည့်ရက်မှ ၃လအတွင်းရောက်ရှိမည်ဖြစ်လျှင် ဘဏ်အကောင့်ဖွင့်၍ မရပါ။

ဆက်လက်၍ နေထိုင်ရန်အစီအစဉ်ရှိသောဧည့်သည်တော်များသည် နေထိုင်ခွင့်ကာလသက်တမ်းတိုးရန် စာရွက်စာတမ်းများလုပ်ဆောင်ပြီးနောက်တွင် နေထိုင်ခွင့်ကာလသက်တမ်းတိုးပြီးသောနေထိုင်ခွင့်ကတ်ပြားအသစ်ကို ယူဆောင်လာ၍ ဘဏ်အကောင့်ဖွင့်ရန် လျှောက်ထားပါ။

* နိုင်ငံသို့ဝင်ရောက်ချိန်တွင် သတ်မှတ်လိုက်သောနေထိုင်ခွင့်ကာလသည် ၃လအောက်ဖြစ်ပြီး နေထိုင်ခွင့်ကတ်ပြားကို ထုတ်မပေးထားသောပုဂ္ဂိုလ်များသည် ယူးချောဘဏ်၊ စာတိုက်တွင် ဘဏ်အကောင့်ဖွင့်၍ မရပါ။

* နေထိုင်ခွင့်အရည်အချင်းနှင့် နေထိုင်ခွင့်ကာလတို့ သက်တမ်းတိုးရန်လျှောက်ထားဆဲပုဂ္ဂိုလ်များသည် သက်တမ်းတိုးထားပြီးဖြစ်သော နေထိုင်ခွင့်ကတ်ပြားအသစ်ကို ယူဆောင်လာပါ။

■ ကျောင်းသားကတ်၊ ကုမ္ပဏီဝန်ထမ်းကတ် စသည်ကို တင်ပြရန် မေတ္တာရပ်ခံအပ်ပါသည်။

နေထိုင်ခွင့်အရည်အချင်းသည် "ပညာတော်သင်"၊ "အလုပ်သင်" ပုဂ္ဂိုလ်များသည် ဘဏ်အကောင့်ဖွင့်ချိန်တွင် အမည်စာရင်းတည်ရှိမှုမှန်ကန်ကြောင်းနှင့် အလုပ်လုပ်မှုအခြေအနေစသည်ကို စစ်ဆေးအတည်ပြုရန်အတွက် နေထိုင်ခွင့်ကတ်ပြားနှင့်အတူ ကျောင်းသားကတ်နှင့် ကုမ္ပဏီဝန်ထမ်းကတ်စသည်ကို တင်ပြရန် မေတ္တာရပ်ခံအပ်ပါသည်။

* ကျောင်းနေရာနှင့်အလုပ်နေရာသို့ အမည်စာရင်းတည်ရှိမှုကို စစ်ဆေးအတည်ပြုရန် ဆက်သွယ်သည့်အခါများ ရှိပါသည်။


**■ ဘဏ်အကောင့်ဖွင့်သည်အထိ အချိန်ယူသည်မျိုးရှိပါသည်။**

နိုင်ငံခြားသားပုဂ္ဂိုလ်များသည် ဘဏ်အကောင့်ဖွင့်ရန် လျှောက်ထားသည့်အခါ သက်ဆိုင်ရာဥပဒေစသည်ကို အခြေခံသည့်စစ်ဆေးအတည်ပြုမှုအမျိုးမျိုးလုပ်ဆောင်ရန် အချိန်လိုအပ်သည့်အတွက် လျှောက်ထားမှုလက်ခံသည့်ရက်တွင် ဘဏ်အကောင့်ဖွင့်ခြင်း မလုပ်နိုင်ဘဲ နောက်ရက်တွင် ဘဏ်စာအုပ်ကို ဧည့်သည်များ၏အိမ်သို့ စာတိုက်မှပို့ဆောင်ပေးခြင်းမျိုး ရှိပါသည်။ ထို့ပြင် အခြေအနေကိုလိုက်၍ ဘဏ်အကောင့်ဖွင့်ခြင်းကို ငြင်းပယ်ခြင်းမျိုး ရှိသည့်အတွက် ကြိုတင်၍နားလည်ပေးပါရန် မေတ္တာရပ်ခံပါသည်။

**■ အခြား သတိပြုရမည့်အချက်များ**

- **နေထိုင်ခွင့်ကတ်ပြားကို သက်တမ်းတိုးပြီးခဲ့လျှင် သက်တမ်းတိုးပြီးသောကတ်ပြားကို ယူဆောင်လာ၍ လျှင်မြန်စွာကောင်တာသို့ သတင်းပေးပို့ပါ။ သတင်းပေးပို့မှုမရှိပါက လုပ်ငန်းဆောင်ရွက်လုပ်ဆောင်မှုများကို ခေတ္တ ကန့်သတ်ထားခြင်းမျိုး ရှိပါမည်။**
- တင်ပြလာသည့် အထောက်အထားစာရွက်စာတမ်းများကို မိတ္တူကူးယူထားပါမည်။
- လိပ်စာမရှိသူဖြစ်ကြောင်းသတင်းပေးပို့ထားသူဖြစ်ပြီး လိပ်စာမရှိသူမှ လိပ်စာရှိသူအဖြစ် ပြောင်းလဲခဲ့လျှင် လျင်မြန်စွာကောင်တာသို့ သတင်းပေးပို့ပါ။
- **နိုင်ငံပြန်ခြင်းစသည့် ဂျပန်နိုင်ငံပြင်ပသို့ ပြောင်းရွှေ့ထွက်ခွာခြင်းတို့ ပြုလုပ်သည့်အခါ ဘဏ်အကောင့်ဖျက်သိမ်းသည့် လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါ။**
- **တတိယလူအား ပေးသုံးရန်ရည်ရွယ်သည့် ဘဏ်အကောင့် (ဘဏ်စာအုပ်၊ ငွေသားကတ်) လွှဲပြောင်းခြင်းနှင့် ရောင်းချခြင်းတို့သည် ရာဇဝတ်မှုမြောက်ပါသည်။ လုံးဝ မပြုလုပ်ပါနှင့်။**

မျက်နှာဖုံး




နောက်ကျောဘက်




အရင်းအမြစ် - လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ ပင်မစာမျက်နှာ